CHIN NATIONAL FRONT

General Headquarters

Chinland



Website: chinland.org Email: cnf.headquarters@gmail.com


# (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

ယနေ့ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့သည် ချင်းအမျိုးသားများ၏ သမိုင်းမော်ကွန်းဝင် (၇၂) နှစ်မြောက် ချင်းအမျိုးသားနေ့ မင်္ဂလာရက်မြတ်ပင်ဖြစ်သည်။ ချင်းအမျိုးသားနေ့သည် ဘိုးဘွားစဉ်ဆက် ကျင့်သုံးလာခဲ့သော တိုက်သူကြီးအုပ်ချုပ်ရေး (Chieftainship) စနစ်ကို ဖျက်သိမ်းပြီး ဒီမိုကရေစီစနစ် အုတ်မြစ်ချပေးခဲ့သည့်အပြင် ချင်းအမျိုးသားတို့၏ စည်းလုံးညီညွတ်မှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်တို့ကို ပြသနိုင်ခဲ့သည့် အနှစ်သာရ ပြည့်ဝသော နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

ချင်းအမျိုးသားများသည် မိမိတို့၏ အမျိုးသားကံကြမ္မာကို အချုပ်အနှောင်မရှိ စီမံအုပ်ချုပ်လာခဲ့ကြသည့် သီးခြား လွတ်လပ်သော လူမျိုးတစ်မျိုးဖြစ်ပေရာ ယနေ့အထိ ကမ္ဘာ့အလယ်တွင် အမျိုးသားဂုဏ်အင်လက္ခဏာများ၊ အမျိုးသား ဂုဏ်အင်္ဂါရပ်များ ရှင်သန်ရပ်တည်နေနိုင်ခြင်းသည် အမျိုးသားနိုင်ငံရေးစိတ်ဓါတ် နိုးကြားမှု၊ မျိုးချစ်စိတ်ဓါတ် ပြင်းပျမှု၊ အမျိုးကို ချစ်မြတ်နိုးခြင်းနှင့် သစ္စာရှိခြင်းတို့ကြောင့်သာဖြစ်သဖြင့် ယင်းအမျိုးသားရေး အစဉ်အလာကောင်းများကို စဉ်ဆက်မပြတ် ထိန်းသိမ်းကာကွယ်ရန် လိုအပ်ပါသည်။

ချင်းအမျိုးသားတပ်ဦးသည် မြန်မာ့နိုင်ငံရေးပြဿနာကို နိုင်ငံရေး တွေ့ဆုံဆွေးနွေးမှုရလဒ်များဖြင့် အဖြေရှာရန် သံန္နိဋ္ဌာန်ချထားသည်နှင့်အညီ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများကို ချုပ်ငြိမ်းစေလျက် ရေရှည် တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးကို တည်ဆောက်နိုင်ရန်အလို့ငှာ ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များကို ဆက်လက် အကောင်အထည်ဖော်နိုင်ရေးအတွက် တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ဖက်ဒရယ်အခြေခံမူများ ပေါ်ထွက်လာနိုင်ရေးနှင့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်နိုင်ရေး၊ တိုင်းရင်းသားလူမျိုးများအကြား လွတ်လပ်မှု၊ တန်းတူမှုနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အပြည့်အဝရှိသော ပြည်ထောင်စု ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းနိုင်ရေးအတွက် ချင်းအမျိုးသားများအပါအဝင် ဘဝတူ ညီနောင်တိုင်းရင်းသားလူမျိုးများနှင့် အတူလက်တွဲ၍ ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ပါသည်။

နှစ်စဉ် ဖေဖေါ်ဝါရီ (၂၀) တွင် ကျရောက်သော ချင်းအမျိုးသားနေ့သည် မိမိတို့ ချင်းအမျိုးသားဂုဏ်အင်္ဂါလက္ခဏာများ၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် စည်းလုံးညီညွတ်မှု၊ အမျိုးသားစိတ်ဓါတ်ပြင်းပျမှု၊ နိုင်ငံရေးအတွေးအခေါ် ကျယ်ပြန့်မှုတို့ကို ပြသသော နေ့ရက်ပင်ဖြစ်သည်။ သို့ပါ၍ အများပြည်သူဆန္ဒကို အခြေခံသော ဒီမိုကရေစီစနစ် စတင် သန္ဓေတည်သည့် ချင်းအမျိုးသားနေ့အား ထိန်းသိမ်းစောင့်ရှောက်ယင်း ချင်းလဲန်နှင့် ကမ္ဘာတဝှမ်းရှိ ချင်းအမျိုးသားတရပ်လုံးက အမျိုးသားရေးအနှစ်သာရ ပြည့်ဝစွာဖြင့် ပါဝင်ဆင်နွှဲကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

ချင်းအမျိုးသားတပ်ဦး

၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်